# HEALTH INSURANCE
## CHECKLIST
## ကျန်းမာရေးအာမခံ

AMI Life
အသက်အာမခံ

ကျန်းမာရေးအာမခံဆိုသည်မှာဆေးကုသမှုအတွက်အတိုင်းအတာတစ်ရပ်ထိတာဝန်ယူပေးသောအာမခံအမျိုးအစားဖြစ်ပါသည်။

- **အာမခံထားခွင့်ရှိသူ**

  - ကျန်းမာရေးအာမခံအတွက် အသက် ၆နှစ် မှ ၇၅နှစ် အတွင်းရှိသူ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်ခွင့်ရှိသူ နိုင်ငံခြားသားများလည်း ထားရှိနိုင်ပါသည်။
  - အသက် ၆နှစ်မှ ၁၈နှစ်အထိ အတွက်မိဘ / အုပ်ထိန်းသူများမှ ထားရှိနိုင်ပါသည်။

- **ပရီမီယံ**

  - တစ်ဦးချင်းထားသူများအနေဖြင့် (၆)လ နှင့် တစ်နှစ် ပေးသွင်းနိုင်ပြီး အစုအဖွဲ့လိုက်ထားသူများအနေဖြင့် (၁)လ၊ (၃)လ၊ (၆)လ နှင့် (၁)နှစ် ပေးသွင်းနိုင်ပါသည်။

- **အာမခံသက်တမ်း**

  - အာမခံသက်တမ်းမှာ ပရီမီယံစတင် ပေးသွင်းသည့်နေ့မှစ၍ (၁)နှစ်ပြည့်မြောက်သည့်ည (၁၂)နာရီအထိ ဖြစ်ပါသည်။

## ကျန်းမာရေးအာမခံအကာအကွယ် အမျိုးအစားအလိုက် ရရှိနိုင်သည့် အကျိုးခံစားခွင့်များ

| စဉ် | အာမခံအကာအကွယ်နှင့် ယူနှစ် | အာမခံအကျိုးခံစားခွင့်ရရှိနိုင်မှု | လျော်ကြေးပေးချေရမည့် အကြောင်းအရင်း | အကျိုးခံစားခွင့်ငွေ (ကျပ်) |
|---|---|---|---|---|
| ၁ | အခြေခံအကာအကွယ် ၁ ယူနစ် | - ရောဂါကြောင့်ဆေးရုံတက်ခြင်း။<br>- မတော်တဆမှုကြောင့်ဆေးရုံတက်ခြင်း။<br>- သေဆုံးခြင်း။ | - ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံတက်သည့်အခါ<br>- သေဆုံးသည့်အခါ | - ဆေးရုံတက်ရက် ၁ရက် ကျပ် ၁၀,၀၀၀/ - (အများဆုံးရက်ပေါင်း ၆၀အထိသာ)<br>- (၁၀)သိန်းကျပ် |
| ၂။ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်(၁) ၁ယူနစ် | - ခွဲစိတ်ကုသခြင်း<br>- ကိုယ်ဝန်ပျက်ကျခြင်း | - တစ်ကိုယ်လုံးမေ့ဆေး (သို့မဟုတ်) ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်ကုသမှုကိုခံယူသည့်အခါ<br>- သဘာဝအလျောက် ကိုယ်ဝန်ပျက်ကျခြင်း(သို့မဟုတ်) ရောဂါကြောင့်ကိုယ်ဝန်ပျက်ကျခြင်း ဖြစ်ပြီး၊ကိုယ်ဝန်ပျက်ကျမှုအတွက် ကုသခြင်း၊ ကုသခြင်းအဖြစ် ဆေးရုံတက်ပြီးခွဲစိတ်မှု၊ ကုသမှုကိုပြုလုပ်သည့်အခါ | - ခွဲစိတ်ကုသမှုအတွက် အမှန်တကယ်တိုက်ရိုက် ကုန်ကျစရိတ်။ သို့သော်အနည်းဆုံး (၅)သိန်းကျပ်<br>- ခွဲစိတ်ကုသခြင်းနှင့် ကိုယ်ဝန်ပျက်ကျခြင်း နှစ်ခုပေါင်းအတွက် (၅)သိန်းကျပ် × အာမခံ ထားသည့်ယူနစ်ပေါင်းကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့်ပမာဏ အဖြစ်သတ်မှတ်မည်။ |
| ၃။ | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်(၂) ၁ယူနစ် | - ဆေးရုံ/ဆေးခန်းပြသခြင်း | - ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံ/ဆေးခန်းပြသသည့်အခါ | - ဆေးရုံ/ဆေးခန်း (၁)ကြိမ်ပြလျှင် (၁)ယူနစ် ၂,၅၀၀ကျပ်။ သို့သော် ၁၀,၀၀၀ကျပ် × အာမခံ ထားသည့် ယူနစ်ပေါင်းကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့်ပမာဏ အဖြစ်သတ်မှတ်မည်။ |

- ## အထွေထွေသတိပြုရမည့်အချက်များ

- အခြေခံအာမခံအကာအကွယ်ကို သီးခြားဝယ်ယူနိုင်ပါသည်။ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကို အခြေခံအာမခံအကာအကွယ်နှင့်အတူ တစ်ပါတည်းတွဲဖက်၍ဝယ်ယူနိုင်ပါသည်။ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကို သီးခြားဝယ်ယူ၍ မရနိုင်ပါ။
- ပထမအကြိမ် အာမခံကြေးပေးသွင်းပြီးနောက် ကျန်အရစ်များအတွက် ပေးသွင်းရန်စေ့ရောက်သည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား ပေးသွင်းရပါမည်။ ပရီမီယံမပေးသွင်းပါက စောင့်ဆိုင်းကာလပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီး အကျိုးသက်ရောက်မှုပျက်ပြယ်သွားပါမည်။
- အကျိုးခံစားခွင့်ပေးချေချိန်တွင် အာမခံကာလကုန်ဆုံးသည့်အချိန်အထိ ပေးချေသင့်သည့် ပရီမီယံကြေးကျန်ရှိနေပြီး ၎င်းသည်လျော်ကြေးပေးချေမည့်ပမာဏနှင့် အောက်ဖြစ်ပါက ပေးချေမည့်ပမာဏထဲမှ အာမခံကာလကုန်ဆုံးသည့်အချိန်အထိ ပေးချေသင့်သည့် ပရီမီယံကြေးစုစုပေါင်းပမာဏကိုနုတ်ပြီး မှပေးချေမည်။
- ဆေးရုံ/ဆေးခန်းတက်ရောက်ပါက AMI Life သို့ချက်ချင်းအကြောင်းကြားရမည်။ ဆေးရုံ/ဆေးခန်းဆင်းသည့်နေ့မှစ၍ အလုပ်လုပ်ရက် (၁၀) ရက် အတွင်း ဆေးကုသမှု မှတ်တမ်းနှင့် တကွ အကျိုးခံစားခွင့် တောင်းခံရမည်။
- အထောက်အထားမပြည့်စုံ၍ AMI Life မှ ထပ်မံတောင်းခံသည့် လိုအပ်ချက်များကို (၃)လ အတွင်းပေးပို့နိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။
- အာမခံထားအပြီး (၁)လအတွင်း ဆေးရုံတက်စရိတ်တောင်းခံလာပါက AMI Life မှ ကျွမ်းကျင်သူများက ထပ်မံစီစစ်ပါမည်။
- ဤအာမခံသည် ဆေးရုံ/ဆေးခန်းကုသမှုများအတွက်အကာအကွယ်ပေးခြင်းဖြစ်၍ အာမခံထားသူ၏ ဆန္ဒအရ ဆေးစစ်ရန် ဆေးရုံတက်ခြင်းအတွက် အကျုံးမဝင်ပါ။
- ကျန်းမာရေးအာမခံထား ရှိသည်ကာလအတွင်း မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်း အကျိုးခံစားခွင့် ရရှိပြီးဖြစ်စေကာမူ မတော်တဆမှုကြောင့် သေဆုံးခြင်းအကျိုးခံစားခွင့်ကို ထပ်မံခံစားခွင့်ရှိသည်။ သို့ရာတွင် မတော်တဆမှုကြောင့် ဆေးရုံတက်ရခြင်းနှင့် မတော်တဆမှုကြောင့် သေဆုံးခြင်းတို့သည် ဖြစ်ရပ်တစ်ခုတည်း မဟုတ်ဘဲ သီခြားဖြစ်ပွားသော ဖြစ်ရပ်များသာဖြစ်ရမည်။

- ## လျော်ကြေး အကျုံးမဝင်သည့် အချက်များ

- ဆေးကုသမှု ခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသား ဖြစ်နေခြင်း
- သားဖွားခြင်း၊ ပိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု။ သို့သော် အာမခံထားပြီးနောက် ကိုယ်ဝန်နှင့်အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါ စသည်တို့)ကြောင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။ ထို့ပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်(၁)ကို ဝယ်ယူထားပါက အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။
- စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း
- ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း
- သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း
- မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပ ဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း
- မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောမျက်မှန်အပါအဝင်မျက်စိစမ်းသပ်ခြင်း၊အမြင်သွေဖယ်ခြင်း၊မျက်စိကုသခြင်း၊အမြင်အာရုံကောင်းမွန်လာအောင်ပြုပြင်ရန်ဖြစ်ခြင်း
- အလှအပအတွက်ဖြစ်ခြင်း
- နားကြားကိရိယာတပ်ဆင်ရန်အတွက်ဖြစ်ခြင်း
- ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း
- မူးယစ်ဆေးဝါးသုံးစွဲခြင်း
- ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း
- HIV/AIDS ဖြစ်ခြင်း
- အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင် ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါအဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သောအကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော၊ အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့်မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)
- ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် ၃ရက် နှင့် အောက်ဖြစ်သော ဆေးကုသမှုများ
- လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ
- မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း

# HEALTH INSURANCE CHECKLIST
ကျန်းမာရေးအာမခံ

AMI Life
အသက်အာမခံ

## မှတ်ချက် Remark

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆို ထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှု လေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

This checklist is general information only. This is not insurance policy (or) not proposal. Also this is not financial advisory, insuring contract. You are required to know and understand all the terms and conditions stated above before signing this checklist.

ရက်စွဲ Date --------------------

| အာမခံလက်ခံသူ Insurer | | အာမခံထားသူ Insured | |
|---|---|---|---|
| လက်မှတ် Signature | ---------------------------- | လက်မှတ် Signature | ---------------------------- |
| ဝန်ထမ်းအမည် Employee's Name | ---------------------------- | အမည် Name | ---------------------------- |
| ရာထူး Position | ---------------------------- | ဖုန်းနံပါတ် Phone | ---------------------------- |

Hotline နံပါတ် 09-940077773 (Sales Enquiries : Ext 2 နှင့် Claims Enquiries: Ext 4) သို့ အချိန်မရွေး ဆက်သွယ်နိုင်ပါသည်။